ဝက်ကျွန်းကျေးရွာ

ဘုတ်ပြင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး



ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးလုပ်ငန်းအဖွဲ့

ဝက်ကျွန်းကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။)

၂၀၂၄ ခုနှစ်၊ မတ်လ

မာတိကာ

၁။ စကားချီး ၁

၂။ ရည်ရွယ်ချက် ၂

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ ၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၃

(ခ) သဘာဝအရင်းမြစ်များ ၄

၄။ စီမံကိန်းဧယားများ ၅

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ ၅

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၅

(၁.၂) အလုပ်လုပ်နိုင်သူအင်အား ၅

(၁.၃) သဘာဝ ရင်းမြစ်များ ၉

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ ၁၀

(၁.၅) ထိခိုက်လွယ်မှု ၁၁

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ ၁၅

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ ၁၅

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၁၆

(၂.၃) ရွှေ့ပြောင်းလုပ်သားများ ၂၄

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် ၂၅

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၂၆

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု 26

(၂.၇) ပညာရေး ၂၇

(၂.၈) ကျန်းမာရေးနှင့် အာဟာရ ၃၀

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၃၂

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ 33

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ ၃၄

(၂.၁၂) လျှပ်စစ်မီးရရှိမှု ၃၅

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ ၃၆

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ၃၆

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ ၃၇

၅။ နောက်ဆက်တွဲများ ၃၈

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင်ရေး ဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာပံ့ပိုးပေးသည့် သမဝါယနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံညဏ်များ တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိလာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏာန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်းခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

မတ်လ၊ ၂၀၂၄

ဝက်ကျွန်းကျေးရွာ

ဘုတ်ပြင်းမြို့နယ်

၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ် ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်လာသူ အားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဝက်ကျွန်းကျေးရွာသည် ဘုတ်ပြင်းမြို့၏မြောက်ဘက်ရေမိုင်(၂၀)တွင် တည်ရှိသော ကျွန်းရွာလေးတစ်ရွာ ဖြစ်ပါသည်။ကျွန်းပတ်လည်တွင် အိမ်များဆောက်လုပ်နေထိုင်ကြပါသည်။ အရှေ့ဘက်တွင် ရေငံကြီးကျေးရွာ သဲတန်းငယ်ကျေးရွာ၊ ရေငံတောင်ငယ်ကျေးရွာတို့တည်ရှိပါသည်။ တောင်ဘက်တွင် ကဗျာချောင်းကျေးရွာတို့ တည်ရှိပါသည်။ ဝက်ကျွန်းကျေးရွာသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ နေထိုင်ကြပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း

ဘုတ်ပြင်းမြို့နယ်၊စီမံကိန်းကျေးရွာအုပ်စုများအခြေပြမြေပုံ



(ခ) သဘာဝအရင်းမြစ်များ

ဝက်ကျွန်းကျေးရွာသည် ကျွန်းရွာလေးတစ်ရွာဖြစ်သောကြောင့် ကျွန်းပတ်ပတ်လည်တွင် အိမ်များ ဆောက်လုပ်နေထိုင်ကြပါသည်။ ဝက်ကျွန်းကျေးရွာသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ နေထိုင်ကြ ပါသည်။ ရွာတွင်အိမ်ထောင်စု(၁၅၀)ကျော်ရှိပြီးကျွန်းရွာလေးတစ်ရွာဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုများမှာ ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး ဂဏန်းထောင်ခြင်း၊ ကျားပါးစပ် ထောင်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းကြပါသည်။ လူဦးရေစုစုပေါင်း (၈၀၀)ခန့်နေထိုင်လျက် ရှိပြီး အများစုမှာနေ့စားအလုပ်သမားများနှင့် လခစားများဖြစ်ကြပါသည်။ ဝက်ကျွန်းကျေးရွာအား လာရောက်မည်ဆိုပါက ရေလမ်းခရီးဖြင့်လာရောက်နိုင်ပါသည်။ နွေကာလတွင် လာရောက်ရန်မှာ ကောင်းမွန်ပါသည်။ မိုးကာလတွင်လာရောက်မည်ဆိုပါက လှိုင်းကြီးသည့်အတွက် လာရောက်ရန် အခက်အခဲအနည်းငယ်ရှိပါသည်။ရွာတွင်းလမ်းမှာမြေသားလမ်း များဖြစ်သောကြောင့် ရေကြီးရက် များတွင် ရေမြုပ်လျက်ရှိပါသည်။အခြားကျေးရွာများသို့ သွားရောက်မည်ဆိုပါလျှင် ရေကြောင်းလမ်း ဖြင့်သွားရပါသည်။ နာမကျန်းဖြစ်ပါက ဆေးပေးခန်းမရှိခြင်းကြောင့် ဆေးများအား ကြိုတင် ဝယ်ယူကြရပါသည်။ မသက်သာပါကရေငံကြီးကျေးရွာအား သွားရောက် ဆေးကုသကြရပါသည်။ အခြေအနေဆိုးရွားပါက မြိတ်မြို့သို့လှေဖြင့် သွားရောက်ကုသရပါသည်။ သောက်သုံးရေအား ဝယ်ယူ သုံးစွဲကြရပါသည်။ ကျေးရွာတွင် ပညာရေးအခြေအနေမှာ မူလတန်းအဆင့်သာရှိပြီး မူလတန်း ကျော်လွန်သွားပါက အခြားနီးစပ်ရာကျေးရွာများသို့ သွားရောက် တက်ကြရပါသည်။ ရွာတွင် ဗုဒ္ဓဘာသာမြန်မာလူမျိုးများနေထိုင်ကြပြီး စေတီပုထိုးနှင့် ဘုန်းတော်ကြီးကျောင်းများလည်း တည်ရှိ ပါသည်။



အရင်းမြစ်ပြမြေပုံ

၄။ စီမံကိန်းဇယားများ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ

ကျေးရွာ - ဝက်ကျွန်းကျေးရွာ **အုပ်စု - ရေငံကြီး** **နေ့စွဲ - ၃၁၊၃၊၂၀၂၄**

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ် အောက်	နို့စို့အရွယ်	၁၅	၉	၂၄	၂.၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၆	၅၂	၉၈	၁၁.၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၇၃	၆၁	၁၃၄	၁၅.၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၂	၆၁	၁၁၃	၁၃.၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၀၂	၁၉၈	၄၀၀	၅၅.၈
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၃	၅	၈	၁
စုစုပေါင်း လူဦးရေ =၇၇၇		**၃၉၁**	**၃၈၆**	**၇၇၇**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု =၁၈၄		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ =၄**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် အိမ်ထောင်စု(၁၈၄)စုရှိပြီး လူဦးရေစုစုပေါင်း (၇၇၇)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄)ဦးရှိပါသည်။ အသက်(၁၅နှစ်မှ ၆၄နှစ်)အထိအလုပ်လုပ်နိုင်သော လူဦးရေမှာ ၅၅.၈%ရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် အသက်(၆၄)နှစ်အထက် လူဦးရေစုစုပေါင်း ၄၀%ကျော်သည် မှီခိုသူများဖြစ်ကြပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် အမျိုးသားအဆင့် လူဦးရေ (၅)ဦးနှုန်းထိရှိပါသည်။ သို့သော်လည်း ကျေးရွာအတွင်း လုပ်သားအရင်းအမြစ်ရှိသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးနိုင်ပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူအင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူ ဦးရေ	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင် လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၆%	၂		ဥယျာဉ်ခြံ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၄	၂.၄%	၉	၂	ကျပန်းအလုပ်သမား
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူ ဦးရေ	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင် လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၈၅	၅၀%	၁၃၆	၆	ရေလုပ်ငန်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၆၃	၃၇%	၈၁	၈	ရေလုပ်သား
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၁.၂%	၂	၂	ပန်းရံ၊လက်သမား
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၆%	၁	-	ဝပ်လျှော့
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	၁	-	စက်ချုပ်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁၃	၇.၆%	၂၃	၉	အရောင်းအဝယ်၊ စျေးရောင်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူ ဦးရေ	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင် လုပ်အား		
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၆%	၁		လှေသမား
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၁	ကားသမား
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၅						
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူ ဦးရေ	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင် လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-
၂၁	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	-
	စုစုပေါင်း	၁၇၀	၁၀၀%	၂၅၅	၃၂	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေစုစုပေါင်းမှာ (၄၇၈)ဦး ဖြစ်ပြီး ကျား(၃၉၁)ဦးနှင့်မ(၃၈၆)ဦးရှိသောကြောင့် အမျိုးသားလုပ်သားအင်အားမှာ (၈)ရာခိုင်နှုန်းခန့် ပိုမိုပါသည်။ ဝက်ကျွန်းကျေးရွာတွင် ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသည်ကို တွေ့ရှိရပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏၅၅.၈%ရှိသည်ကိုတွေ့ရှိရပါသည်။ရေလုပ်ငန်းအပေါ်ရပ်တည်မှုသည် အလယ်အလတ် အဆင့်တွင် ရှိပါသည်။ အကြောင်းအရင်းမှာအလုပ်အကိုင် ရှိသော်လည်း ငါး၊ပုဇွန် သယ်ဖာတ ရှားပါး လာခြင်း တို့ကြောင့် ဖြစ်ပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	-	-	-	-	-
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	-
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	-	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာသည် ပင်လယ်ရွာဖြစ်သောကြောင့် ရေလုပ်ငန် ကိုသာ အဓိကလုပ်ကိုင်ကြပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်ခြင်းမရှိပါ။ ပုဇွန်ခြောက် လုပ်ငန်းများကို ကျားပါးစပ် လုပ်ငန်းရှင်ထံတွင် လဖြတ်အဖြစ်လုပ်ကိုင်ကြပြီး နေ့စားအလုပ်လုပ်ကိုင်သူ မရှိသည်ကို တွေ့ရှိရပါသည်။ လက်လီလက်ကား ရောင်းဝယ်မှုများတွင် တနိုင်တပိုင်သာ လုပ်ကိုင်ကြပြီး၊ ဆံပင်၊ အလှပြင်ဆိုင်၊ အလုပ်လုပ်ကိုင်သူမရှိပါ။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ရေအရင်းအမြစ်
လယ်မြေ			
ယာမြေ			
တောင်ယာမြေ			
ဥယျာဉ်ခြံမြေ	၁၁၈.၅	ကောင်း	မိုးရေကိုသာအသုံးပြုပါသည်။
ကိုင်း/ကျွန်းမြေ			
ခနိတောမြေ			
စားကျက်မြေ			
ပလပ်မြေ			
စုစုပေါင်း			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

မှတ်ချက်။ ။ ရေအရင်းအမြစ် - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာတွင် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်သူ နည်းပါးသည်ကိုတွေ့ရပါသည်။ ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်သူ အများစုမှာ ကွမ်း၊ရော်ဘာ၊အုန်းသီးစသည့်တို့ကို အဓိကစိုက်ပျိုးကြပြီး တစ်ရွာလုံး၏ စိုက်ပျိုးသည့် ဧကအနေဖြင့် (၅၀)ခန့်သာရှိကြောင်းတွေ့ရပါသည်။မြေဆီလွှာအရည်အသွေး ကောင်းမွန်ပြီးသီးနှံပင် များကို မိုးတွင်း၌သာစိုက်ပျိုးကြသည်ကို တွေ့ရပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရှိ/မရှိ (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ဟိုက်ဒရိုကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	-
ဓာတ်သတ္တု ရင်းမြစ် (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်)	သဲ(များ)၊ကျောက်စရစ်(နည်း)၊ ကျောက်ကြီး(နည်း)	ခက်
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	မျောက်(များ)	လွယ်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	အသုံးချမှုရှိ(နည်း)

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် သဲ၊ ကျောက်စရစ်၊ကျောက်ကြီးရရှိနိုင်မှုရှိပြီး ရွာအနီးတွင်သဲ၊ ကျောက်ထုတ်ယူမှုများရှိပါသည်။ သဘာဝတောတောင်များ ဒီရေတောများနည်းပါးလာမှုကြောင့်သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ(မျောက်) များသာရှိတော့ သည်။ ၄င်းတိရိစ္ဆာန်များအား ပစ်ခတ်စားသောက်ခြင်း၊ ရောင်းချခြင်းမပြုကြပါ။ ဆေးဘက်ဝင် အပင်များရှိသော်လည်း အသုံးချမှုအနည်းငယ်သာရှိပါသည်။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ် အလတ်ရှိသော အိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၃၀၈က	မရှိ	မရှိ	မရှိ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ် အလတ်ရှိသော အိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန် ဆင်းရဲသော အိမ်ထောင်စု
အိမ်အခြေအနေ	ပျဉ်တပိုင်း၊ အုတ်တပိုင်း	ပျဉ်ထောင်၊ဖက်မိုး	ပျဉ်ခင်း၊ဖက်ကာ၊ဖက်မိုး	ထောင်ကယ် အိမ်တန်း
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ပုဇွန်ဖို	ပုဇွန်ဖို	-	-
အဓိကစီးပွားရေး လုပ်ငန်း	ကျားပါးစပ်	ကျားပါးစပ်၊ ဈေးဆိုင်	အခသား	အခသား
အခြားပိုင်ဆိုင်မှု	လှေ၊စက်လှေ၊TV၊ စလောင်း၊မီးစက်	လှေ၊စက်လှေ	-	-
အိမ်ထောင်စု -				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာတွင် ရေလုပ်ငန်းကိုလုပ်ကိုင်ကြပြီး ကျားပါးစပ် လုပ်ငန်းရှင်ထံတွင် လဖြတ်ဖြင့် ရေလုပ်ငန်းကိုသာအဓိကထား လုပ်ကိုင်ကြသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လ အောက်	-	-	-
၃ လနှင့် ၆ လကြား	၂၄	၅၄.၅%	ကျေးရွာရှိလုပ်ငန်းရှင်ထံတွင်ချေးယူသည်။
၆ လ မှ ၁၂ လ အထိ	၂၀	၄၅.၅%	ကျေးရွာရှိလုပ်ငန်းရှင်ထံတွင်ချေးယူသည်။

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် မုဆိုးမမိသားစုများနှင့် ဆင်းရဲသောအိမ်ထောင်စုများသည် လုပ်ငန်းရှင်များမှဆန်၊ဆီထုတ်ပေးသော်လည်း မိုးတွင်းတွင် ဈေးဝယ်စားရန် ငွေကြေး ချေးယူမှုများရှိပါသည်။ အများစုမှာမိသားစုစားဝတ်နေရေး ဖြေရှင်းရန်အတွက်ချေးယူခြင်း၊ကျန်းမာရေးအတွက် ဆေးကုသရန်အတွက် ချေးယူကြသည်ကိုတွေ့ရပါသည်။ ဆင်းရဲသောမိသားစု များအကြွေးတင်ခြင်းသည် ထောင်ကယ်တစ်ဦးနှင့်တစ်ဦး ငွေပြန်အမ်ခြင်းကြောင့် အကြွေးတင်ရခြင်းဖြစ်သည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက်	၁	၃	၄
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာတွင် (၆၅)နှစ်အထက် သက်ကြီးရွယ်အိုများရှိပြီး မိသားစုများမှ စောင့်ရှောက်မှုရှိသော်လည်း ကျန်းမာရေးအတွက် ဆေးကုသရန်အတွက် စရိတ်ထောက်ပံ့နိုင်ခြင်း မရှိသည့်အတွက် ကျေးရွာမှ ဝိုင်းဝန်း ကူညီထောက်ပံ့မှုများလည်း ရှိပါသည်။ အချို့အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများတွင်သားသမီးများမှ လုပ်ကိုင်ကျွေးမွေးနေသည်ကိုတွေ့ ရပါသည်။ တချို့ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများမှာသားသမီးများပြီး ဈေးရောင်း၊ မုန့် ရောင်းအလုပ်များဖြင့် ရှာဖွေလုပ်ကိုင်စားသောက်ကြပါသည်။ မုဆိုးဖို၊တစ်ခုလပ်များသည် ကျပန်း လုပ်ငန်းဖြင့် အသက်မွေးကြပါသည်။ ကျေးရွာတွင် အခြားဒေသများသို့သွားရောက် လုပ်ကိုင်သော အိမ်ထောင်စုမှာ(၂၀)ခန့် ရှိပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	နိမ့်	(၂၀၁၁)ခုနှစ်ဆန်ရှား၊ စားနပ်ရိက္ခာ မဖူလုံမှု
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိ	ကျွန်းမြေစိုက်ပျိုးမြေရှား/မိုးရေ
၃	ရေကြီးခြင်း	နိမ့်	ဝါဆို၊ဝါခေါင်ရေကြီး၍အိမ်ထိရေဝင်
၄	မိုးခေါင်ခြင်း	မရှိ	-
၅	အအေးလွန်ကဲခြင်း	မရှိ	-
၆	မုန်တိုင်း	မရှိ	-
၇	ငလျင်	နိမ့်	၂၀၀၂ခုနှစ်တုန်းကဖြစ်ပွားခဲ့ဖူးသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၈	မီးဘေး	မရှိ	-
၉	ဆားငန်ရေဝင်မြေ	မြင့်	ရေကြီးချိန်ဒီရေဝင်ရောက်မှုရှိသည်။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်	ရေကြီးချိန်ရေတိုက်စား
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ	ဒီရေတောကိုမရှိပါ။
၁၂	ငှက်ဖျားရောဂါ	မရှိ	ကျေးလက်ဆေးပေးခန်းမှတစ်လတစ်ကြိမ်/ PSIမှလတိုင်းကာကွယ်ဆေးထိုးပေးပါသည်။
၁၃	တီဘီရောဂါ	နိမ့်	မြိတ်မြို့သို့ဆေးသွားထုတ်ခြင်း။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	-
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ	ကြက်နာ/ဝက်နာဖြစ်ပွားခဲ့ဆုံးရှုံးမှုရှိပါသည်။
၁၇	လူကုန်ကူးခြင်း	မရှိ	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	မြင့်	မိုးရာသီလှိုင်းကြီး/ရွာတွင်လမ်းမကောင်း၍ အခက်အခဲရှိပါသည်။
၁၉	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် လွန်ခဲ့သော(၂၀၀၁)ခုနှစ်က ဆန်ရှားပါးပြီး စားနပ်ရိက္ခာမဖူလုံမှုများ ရှိခဲ့ပါသည်။ ဝါဆို၊ဝါခေါင်လတွင် ရေများတအားကြီးသောကြောင့် အိမ်တစ်ဆောင်တစ်လထိ ရေဝင်သည်ကိုသိရှိရပါသည်။ ရေကြီးချိန်တွင် ဆားငန်ရေများဝင်ခြင်း၊ ရေတိုက်စားခြင်းကြောင့် မြေပြိုခြင်းများရှိသည်ကိုတွေ့ရှိရပါသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှဆရာမများ တစ်လတစ်ကြိမ်လာရောက်စစ်ဆေးပေးခြင်း၊ PSIမှလည်း လတိုင်း လာရောက်စစ်ဆေးပေးခြင်းကြောင့် ငှက်ဖျားရောဂါများဖြစ်ပွားခြင်းမရှိပါ။ တီဘီရောဂါဖြစ်ပွားသူများသည်မြိတ်မြို့သို့ဆေးထုတ်ခြင်းများ ပြုလုပ်ကြပါသည်။ ကျေးရွာတွင်ကြက်နာ၊ဝက်နာများဖြစ် ပွားခြင်းကြောင့်မွေးကဦးစီးဌာနမှ ကာကွယ်ဆေးများထိုးနှံသည့် အစီအစဉ်များလာရောက် လုပ်ဆောင်သင့်ပါသည်။ မိုးရာသီတွင်လှိုင်းကြီးခြင်း၊ ရွာတွင်လမ်းသည်ရွှံလမ်းဖြစ်သောကြောင့် သွားလာရခက်ခဲသည်ကို တွေ့ရှိရပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးဝါးနှင့်လောင်းကစားများသည်။
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မရှိ	ပတ်ဝန်းကျင်မှစောင့်ရှောက်မှုရှိသည်။

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မရှိ	-
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မြင့်	တောင်ခြေတွင်နေထိုင်သောမိသားစုများအ တွက် အန္တရာယ်ရှိနိုင်သည်။ အရင်ကတောင်ပြိုပြီးအိမ်များပျက်စီး
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	လေတိုက်ခြင်း၊မုန်တိုင်းတိုက်ခြင်းကြောင့် အိမ်ဟောင်းများပြိုဖျက်သည်။
၆	မတော်တဆမှုဖြစ်နိုင်ခြေများ သော နေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့်	ကမ်းစပ်တွင်နေထိုင်သောကြောင့်ကလေး များရေထဲပြုတ်ကျနိုင်/ရေကြီးချိန်ဆို အန္တရာယ်များ
၇	ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရသူများ (IDP)	မရှိ	-
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်	ရေကြီးများလျှင် ရေဝင်သည်။
၉	ငါးကန်ပိုင်ရှင်	မရှိ	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မရှိ	ရေလုပ်ငန်းဖြစ်သည့်အတွက်အန္တရာယ်များ သည်။
၁၁	လူနည်းစုလူမျိုးများ	မရှိ	
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မရှိ	-
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ	-
၁၄	ရွှေတွင်းလုပ်သား	မရှိ	-
၁၅	ဆေးစွဲသူများ	လတ်	ဆေးစွဲသူများသောကြောင့်အန္တရာယ်ကျ ရောက်နိုင်သည်။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မရှိ	-
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မရှိ	-
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ	-
၁၉	ရွှေ့ပြောင်းလုပ်သားများ	မရှိ	-
၂၀	ကားသမား	မရှိ	
၂၁	အခြား	မရှိ	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင်လူငယ်များမှာ မူးယစ်ဆေးဝါးနှင့် လောင်းကစား

များပြုလုပ်သုံးစွဲနေသည်ကို တွေ့ရပါသည်။ ကျေးရွာအတွင်း တောင်ခြေတွင်နေထိုင် သော အိမ်ထောင်စုများသည် မိုးရာသီတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်ပါသည်။ ပင်လယ်ကမ်းခြေရွာဖြစ်သောကြောင့် ကမ်းစပ်တွင်နေထိုင်သော မိသားစုများ၏ ကလေးများအ တွက်အန္တရာယ်ရှိပြီး အချိန်မရွေး သဘာဝဘေး အန္တရာယ်များ ကျရောက်နိုင်ပါသည်။ မြေနိမ့်ပိုင်းတွင်နေထိုင်သော မိသားစုများသည် ရေကြီးနှစ်မြုပ်မှု ဒဏ်ကို ခံနိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/သင့်/ညံ့)
			ကျား	မ	ပေါင်း		
၁	ကလျာနယုဝဒီအဖွဲ့	၂	-	၄၅	၄၅	သာရေး၊နာရေး၊ ဘာသာရေးကိစ္စ	သင့်
၂	ဂေါပကအဖွဲ့	၃	၆	-	၆	ဘာသာရေး	သင့်
၃	အုပ်ချုပ်ရေးအဖွဲ့	၂	၁	-	၁	ကျေးရွာအုပ်ချုပ်ရေး	ညံ့
၄	ကျောင်းကော်မတီအဖွဲ့	၂	၃	၄	၇	ကျောင်းလိုအပ်ချက်	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၄) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာအတွင်း အဖွဲ့များသည်ကျေးရွာ၏ သာရေး၊နာရေး၊ ဘာသာရေး ကိစ္စရပ်များတွင် အများအားဖြင့် ပါဝင်လုပ်ဆောင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ကိစ္စများတွင် ပါဝင်မှုအားနည်းကြပါသည်။ သို့သော်လည်း အုပ်ချုပ်ရေး အပိုင်းတွင်အမျိုးသမီးများ ပါဝင်မှုမရှိပေ။ ၎င်းကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့များ ပြန်လည်ဖွဲ့စည်း ရန်လိုအပ်နေပါသည်။

(၂.၁.၂)ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	ERLIP	၄	ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း
၂	UNICEF	၄	ခြင်ထောင်လှူ(၂၀၁၇)ခုနှစ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာသို့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ERLIPအဖွဲ့အစည်းမှ လာရောက်လုပ်ဆောင်နေပြီး ပထမနှစ်စီမံကိန်းတွင် ရေထိန်းနံရံများ ဆောက်လုပ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယနှစ်စီမံကိန်းတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပတ်သက်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပိုင်းနှင့် စိုက်မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းပိုင်းကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။UNICEFအဖွဲ့များမှလည်း ယခုနှစ်တွင် ခြင်ထောင်များ လာရောက်ပေးသည်ကိုတွေ့ရပါသည်။လက်တလောအကျိုးရှိဆုံးမှာ ERLIP အဖွဲ့သာ ဖြစ်ပါသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅၈	၉၂.၉%	-
၂	၂.၅ ဧက အောက်	၃	၁.၈%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက အောက်	၂	၁.၂%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက အောက်	၅	၂.၉%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧက အထက်	၂	၁.၂%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၇၀**	**၁၀၀%**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာရှိအိမ်ထောင်စုများမှာ ဥယျာဉ်ခြံပိုင်ရှင်အနည်းငယ် သာ လုပ်ကိုင်သူနည်းပါးသည်။ ဥယျာဉ်ခြံလုပ်ကိုင်သူများမှာ အုန်းသီး၊ရော်ဘာနှင့်ကွမ်းကိုသာအဓိက စိုက်ပျိုး ကြသည်ကိုတွေ့ရပါသည်။ အချို့အိမ်ထောင်စုများမှာ ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင် ကြပါသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်ဧက	ရရှိနိုင်မှု	
			တန်စ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-	-	-
၂	ရေလွှဲဆည်	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-
၄	ရေသွင်းမြောင်း	-	-	-
၅	အဝီစိတွင်း	၂	တစ်နှစ်ပတ်လုံး	ရှိ
၆	လက်ဝင် ရေတွင်း	-	-	-
၇	စိမ့်စမ်းရေ	-	-	-
၈	ချောင်းရေ		-	-
၉	အခြား	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင်ရေမီတာတပ်ဆင်ခြင်း မရှိသောကြောင့် ရေတစ်စည် လျှင်(၅၀၀)ကျပ်မှ(၈၀၀)ခန့်ပေးရသည်ကိုတွေ့ရပါသည်။ မိုးရာသီတွင် မိုးရေးခံ၍ လည်းအသုံး ပြုကြပါ သည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နည်း/လတ် / များ)	အမြတ် ရရှိနိုင်မှု (နည်း/လတ် / များ)	မှတ် ချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ			
ကွမ်းသီး	-	ပိသာ	-	-	-	-	-	-	-	-
ရော်ဘာ	-	ပိသာ	-	-	-	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် ဥယျာဉ်ခြံများလုပ်ကိုင်သူရှိသော်လည်း ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စု များ၏ အဓိကစိုက်ပျိုး ထုတ်လုပ်သည့် သီးနှံများမှာ-ကွမ်း၊အုန်းသီးစသည့်တို့ဖြစ်ကြသည်။ ၎င်းသီးနှံဖြစ်သော ကွမ်း၊အုန်းသီးများကို ကျေးရွာတွင်းရောင်းချကြသည်။ ပင်မနှုန်းသာရှိသောကြောင့် ဧကလိုက်မရှိပါ။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ဌားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
ထွန်စက်	-	-	
လက်တွန်းထွန်စက်	-	-	
အစေ့ချ ကိရိယာ	-	-	
ရိတ်သိမ်းခြွေလှေ့စက်	-	-	
ရိတ်သိမ်းစက်	-	-	
ခြွေလှေ့စက်	-	-	
ရေစုပ်စက်	၁	-	
ခြေနင်းရေတင်စက်	-	-	
မြက်ရိတ်စက်	၆	-	ကိုယ်ပိုင်သုံးကြသည်။
ဆေးဖျန်းစက်	-	-	
အခြား	-	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာတွင် ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီး မြက်ရိတ်စက်ဖြင့် တောခုတ်လုပ်သူအနည်းသာသာတွေ့ရပါသည်။ အချို့မှာ ခါးဖြင့်သာတောခုတ် လုပ်ကြသည်ကို တွေ့ရပါသည်။ ဌားရမ်းအသုံးပြုခြင်းများမရှိပါ။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	တောင်ကုန်းမြေဖြစ်သောကြောင့် ဥယျာဉ်ခြံစိုက်မရ/မြေဆီလွှာကောင်းသည်။
ရေရင်းမြစ်	မိုးရေတစ်မျိုးတည်းသာအသုံးပြုကြသည်။
သွင်းအားစုဈေးကွက်	စိုက်ပျိုးရေးသုံးပစ္စည်းများကို မြိတ်မှတင်ပို့ကြသည်။
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	မြိတ်မြို့သို့ ရောင်းချကြသည်။
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အဖွဲ့များမှပို့ချခြင်းမရှိ။
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	မည်သည့်အဖွဲ့မှဝန်ဆောင်မှုမရှိ။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် တောင်ကုန်းမြေဖြစ်သောကြောင့် ဥယျာဉ်ခြံများချဲ့ထွင်စိုက်ပျိုး၍မရရှိပါ။ စိုက်ပျိုးရေးအတွက်လိုအပ်သော စိုက်ပျိုးရေးသုံး ပစ္စည်းများကို မြိတ်မှတင်ပို့ကြပါသည်။ စိုက်ပျိုးရေးလုပ်ဆောင်ရာတွင် နွေရာသီတွင် အပူချိန်ပြင်း သောကြောင့် မိုးရာသီတွင်သာ စိုက်ပျိုး ကြပါသည်။ ကျေးရွာတွင်စိုက်ပျိုးမြေဆီလွှာကောင်းသည်ကို သိရှိရသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	မြေဆီလွှာကောင်းပါသည်။
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	ငွေကြေးရရှိမှုလိုအပ်နေပါသည်။
ရေအရင်းမြစ်များရရှိနိုင်မှု	မိုးရာသီတွင်စိုက်ပျိုးသည်။
ဖျက်ပိုးနှင့် ရောဂါ	-
စျေးကွက် လက်လှမ်းမီမှု	မြိတ်မြို့သို့သယ်ယူကြသည်။
လုပ်သားရှားပါးမှု(ကျွမ်းကျင်သူ/မကျွမ်းကျင်သူ)	မရှိပါ။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာအကူအညီများ လိုအပ်နေပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် တောင်မတ်သောကြောင့် စိုက်ပျိုးမြေများမချဲ့ထွင်နိုင်ပါ။ စိုက်ပျိုးရေးအတွက် အဖွဲ့အစည်းများမှ ချေးငွေထုတ်ချေးခြင်းများ ပံ့ပိုးကူညီမှုများမရှိပါ။ သီးနှံများကို စိုက်ပျိုးရာတွင် မိုးရာသီကိုသာ အဓိကထားအားကိုးပြီးစိုက် ပျိုးကြပါသည်။ ဒေသနှင့်ကိုက်ညီသော သီးနှံများကိုစိုက်ပျိုးနိုင်ရန် နည်းပညာများရရှိအောင်ချိတ် ဆက်လုပ်ဆောင်နိုင်ရန် လိုအပ်ပါသည်။ ထုတ်ကုန်များကိုရေလမ်းမှ သယ်ယူ ပို့ဆောင်ကြပြီး မြိတ်မြို့သို့ တင်ပို့ရောင်းချကြသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
နွား			-
နို့စားနွား	-	-	-
မြင်း	-	-	-
ကျွဲ	-	-	-
မြည်း	-	-	-
လား	-	-	-
ဆိတ်	၁	၄	-
သိုး	-	-	-
ဝက်	၁	၁၀	-
ကြက်	၁၃	၁၇၉	-
ဘဲ	၁	၁၀	-
နွားနောက်	-	-	-
အခြား	-	-	-
ငါးလုပ်ငန်း			

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
ငါးကန်	-	၄၀	-
ပုဇွန်ကန်	-	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-	-
ကမ်းနီး ငါးဖမ်းလုပ်ငန်း	-	၈၂	-
အခြား	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာတွင် ကြက်၊ဘဲ၊ဝက်၊ဆိတ်များကို တစ်နိုင်တစ်ပိုင်မွေးမြူကြပြီး ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများနှင့် ကျားပါးစပ်လုပ်ငန်း အလုပ်များသာ လုပ်ကိုင်ကြပါသည်။ ရေလယ်ကျွန်း ဖြစ်သောကြောင့် မွေးမြူရန်သင့်တော်သော်လည်း ငွေအရင်းအနှီးနှင့် နည်းပညာများ လိုအပ်နေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ပုဇွန်၊ပကန်း၊ပကဲ၊ကင်းဖိုကင်းမများ မွေးတတ်သော်လည်း ဂျင်း၊ကမာ၊ကပေါင်းများ မွေးမြူရန် မျိုးစိတ်များကို ကဗျရွာ၊မဲတောကျေးရွာတို့မှ ဝယ်ယူရပါသည်။

၂.၂.၂.၂) သားငါးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	အနည်းအကျဉ်သာရှိသည်။
ရေရရှိမှု	အဝိစီကိုအသုံးပြုကြပါသည်။
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	အနီးအနားကျေးရွာများတွင်ဝယ်ယူနိုင်ပါသည်။
ချေးငွေ	မရှိ။
သွင်းအားစု ဈေးကွက်	ငါးသားပေါက်၊ပုဇွန်၊ငါးမှုန့်များပေါသည်။
နည်းပညာ ဝန်ဆောင်မှု	မရှိ။
ထုတ်ကုန် ရောင်းဝယ်မှု	မြိတ်မှတင်သွင်းပါသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	ပင်လယ်ရွာဖြစ်သောကြောင့် မြေနေရာမရှိပါ။ ကြက်၊ဘဲများ တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	မြိတ်မှတင်ပို့နိုင်ပါသည်။

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
ချေးငွေ	မရှိ။
သွင်းအားစု လက်လှမ်းမီမှု	ကျေးရွာတွင်းရှိသည်။
လိုင်စင် လက်လှမ်းမီမှု	မရှိ။/ပြုလုပ်ရန်လိုအပ်သည်။
ထုတ်ကုန် ရောင်းဝယ်မှု	ထိုင်း၊မြိတ်မြို့သို့ရောင်းချနိုင်သည်။
အခြား	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာသည် ကျွန်းရွာဖြစ်သောကြောင့် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်ရန်အတွက် စားကျက်မြေအခက်အခဲရှိပါသည်။ မွေးမြူရေးအတွက်လိုအပ်သော အစာရေများကို မြိတ်မှ တင်သွင်းနိုင်ပါသည်။ မျိုးတိရိစ္ဆာန်များကိုအနီးအနားကျေးရွာများတွင် ဝယ်ယူနိုင်ပါသည်။ ကျေးရွာများတွင် မွေးမြူရေးအတွက် ချေးငွေများမရှိပါ။ သွင်းအားစုအနေဖြင့် ငါးသားပေါက်၊ပုဇွန်၊ငါးမှုန့်များ ပေါများပါသည်။မွေးမြူရေးအတွက် နည်းပညာများ လိုအပ်နေသည်ကိုတွေ့ရပါသည်။ ထုတ်ကုန်ရောင်းဝယ်မှုများအတွက်လည်း မြိတ်မြို့သို့တင်ပို့ရောင်းချနိုင်ပါသည်။ ကျေးရွာတွင်း တန်ဖိုးကြီး ရေတိရိစ္ဆာန်များ မွေးမြူနိုင်ရန်အတွက် ငါးသားပေါက်များကိုအနီးအနား ကျေးရွာများတွင် ဝယ်ယူနိုင်ပါသည်။ ရာသီအလိုက် ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးနိုင်မည်ဆိုပါက ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် ဝင်ငွေတိုးတက်လာမည့် အခွင့်အရေးများပိုမိုလာနိုင်ပါသည်။ လုပ်ငန်းရှင်သူဌေးများမှလည်း လိုအပ်သောကြိုတင်ငွေများထုတ်ယူနိုင်ပြီး သွင်းအားစုများလည်း ကြိုတင်ရယူနိုင်ပါသည်။(ဥပမာ-ဒီဇယ်၊ပိုက်၊လှေများစသည်)။ ဖမ်းယူရရှိလာသော ကုန်ပစ္စည်းများ ကိုလည်း သူဌေးများထံပေးသွင်းရသည်ကို တွေ့ရပါသည်။ ထုတ်ကုန်များကို ထိုင်း၊မြိတ်မြို့သို့သွား ရောက်ရောင်းချနိုင်ပါသည်။ ငါးလုပ်ငန်းအတွက် ချေးငွေနှင့်နည်းပညာများ ပံ့ပိုးကူညီမှုများလိုအပ်နေသည်ကိုတွေ့ရပါသည်။

(၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေ ရရှိနိုင်မှု	မရှိ။
ကူးစက်ရောဂါဖြစ်ပွားမှု	ကြက်နာ/ဝက်နာဖြစ်ပွားမှုရှိပါသည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာအကူအညီများလိုအပ်ပါသည်။
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	မရှိပါ။
အခြား	-

ပြဿနာနှင့် စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	ထောင်ကယ်များမှလိုင်စင်လုပ်ထားပါသည်။
ချေးငွေ ရရှိနိုင်မှု	ချေးငွေရရှိမှုမရှိပါ။/ထောင်ကယ်များမှကြိုတင်ငွေ ထုတ်ပေးပါသည်။(မြိတ်မြို့သူဌေး)
ထုန်ကုန်များ ရောင်းချနိုင်မှု	ရွာတွင်းရေလုပ်ငန်းရှင်များထံသို့ရောင်းချကြသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာသည် မွေးမြူရေးလုပ်ကိုင်ရန်နေရာအခက်အခဲ ရှိပါသည်။ မွေးမြူရေးလုပ်ကိုင်လိုသော်လည်း ရောဂါကာကွယ်ကုသနည်းများ နားလည်မှုမရှိခြင်း၊ ငွေအရင်းအနှီး လုံလောက်မှုမရှိခြင်း စသည့်တို့ကအဟန့်အတားဖြစ်စေပါသည်။ မွေးမြူရေးအတွက် နည်းပညာအကူအညီများနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် လိုအပ်နေသည်ကို တွေ့ရှိရပါသည်။ ငါးဖမ်းခွင့်ရရှိအောင် ထောင်ကယ်များမှငါးဖမ်းခွင့် လိုင်စင်များပြုလုပ်ထားသည်ကို သိရပါသည်။ ကျေးရွာတွင် ရေလုပ်ငန်းအတွက် ဌာနများမှချေးငွေများ ထုတ်ပေးခြင်းမရှိပါ။ ကျားပါးစပ် ထောင်ကယ်များမှကြိုတင်ငွေများ ထုတ်ပေးခြင်း ၊ ဆန် ၊ ဆီအစရှိသဖြင့် ထုတ်ပေးထားသည်ကိုတွေ့ရပါသည်။ ရေလုပ်ငန်းလုပ်ကိုင်ရာတွင် ဖမ်းဆီးရရှိလာသောငါး၊ပုဇွန်များအား လုပ်ငန်းရှင်သူဌေးထံတွင် ပြန်လည် ရောင်းချပြီး ဈေးလျော့ထားသည်ကို ကြုံတွေ့နေရသည်ကို တွေ့ရပါသည်။ ရေလုပ်သားများ ဘဝတိုးတက် လာရေးအတွက် အဓိက စိန်ခေါ်ချက်မှာ အရင်းအနှီး လောက်ငှစွာ မတက်နိုင်ခြင်းတို့ကြောင့်ဖြစ်နေပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့် အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
လုပ်သားအင်အားပေါများခြင်း	အလုပ်လုပ်နိုင်သူကျပန်းလုပ်သားများပေါများသည်။/ရေလုပ်ငန်းသာ လုပ်တတ်သည်။
ဈေးကွက်လက်လှမ်းမီခြင်း	ဈေးကွက်လက်လှမ်းမီမှုရှိပါသည်။
လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း	ရေလမ်းတစ်မျိုးသာရှိပြီး ရေတက်၊ရေကျအချိန်ကိုက်၍သွားရသည်။
အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှုရရှိနိုင်ခြင်း	မရှိပါ။
ကုန်ကြမ်းပေါများခြင်း	ပုဇွန်ခြောက်၊ပုဇွန်မှုန့်ပေါများသည်။
လျှပ်စစ်မီးရရှိနိုင်မှု	ကျေးရွာတွင်ထောင်ကယ်များသာကိုယ်ပိုင်မီးစက်ရှိပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် စိုက်မွေးမဟုတ်သောလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အလုပ်လုပ်နိုင်သူ လုပ်သားအင်အား ပေါများသည်။ စက်ချုပ် ၊ စက်ပြင် ၊ တက်ချင်သူများရှိပါသည်ကို တွေ့ရပါသည်။ ရေလမ်းတစ်မျိုးတည်းသာရှိသောကြောင့်ရေတက်ချိန် များတွင်သာ သွားလာရသောကြောင့် အခက်အခဲများရှိပါသည်။ အသက်မွေးဝမ်းကျောင်း နည်းပညာများ လက်လှမ်းမီမှု မရှိသောကြောင့် နည်းပညာဝန်ဆောင်မှုများရရှိရန်လိုအပ်ပါသည်။ရေလုပ်ငန်းလုပ်ကိုင်ရာတွင်ရေထွက်ဖြစ်သောပုဇွန်ခြောက်၊ ပုဇွန်မှုန့်များ ပေါများပါသည်။ ကျေးရွာတွင် ထောင်ကယ်များသာ ကိုယ်ပိုင်မီးစက်များရှိပြီး ကျားပါးစပ် လုပ်သားများအား မီးပေးထားခြင်းတို့ကို တွေ့ရပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
အသက်မွေးဝမ်းကျောင်း နည်းပညာ ဝန်ဆောင်မှု ရရှိမှုအားနည်းခြင်း	ဌာနဆိုင်ရာများမှအဝင်အထွက်နည်းပြီး နည်းပညာဝန်ဆောင်မှု အားနည်းသည်။
အရင်းအနှီးမလုံလောက်ခြင်း	အိမ်ထောင်စုအများစုမှာဆင်းရဲပြီး အရင်းအနှီးမတတ်နိုင်ကြပါ။
အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း	ရေလုပ်ငန်းကိုသာလုပ်ကိုင်ကြသည်။
ပညာတတ်မြောက်မှု နည်းပါးခြင်း	နည်းပါသည်။
လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း	ရေလမ်းတစ်မျိုးတည်းသာရှိပါသည်။
လျှပ်စစ်မီး မရရှိခြင်း	ဆိုလာများလည်းမရဖူးပါ။/ထောင်ကယ်အိမ်များသာမီးစက်ရှိသည်။
ဈေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း	ဈေးကွက်အသိရှိမှုနည်းပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှု အားနည်းပြီး အဖွဲ့အစည်းများမှ လာရောက်သင်တန်းပေးခြင်းများမရှိပါ။ ရွာသားအများ စုမှာ ဆင်းရဲပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရင်းအနှီးမရှိခြင်း နည်းပညာမရှိ ခြင်းများကြောင့် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါး သည်ကို တွေ့ရပါသည်။ ရေလမ်းတစ် မျိုးတည်းသာရှိပြီး မိုးရာသီတွင်လှိုင်းကြီးခြင်းများကြောင့် အခက်အခဲရှိပါသည်။ကျေးရွာတွင် ဆိုလာများရရှိခြင်းများမရှိသည်ကိုတွေ့ရှိရပါသည်။ ဈေးကွက်အသိရှိမှုများ နည်းပါးသည်ကို တွေ့ရပါသည်။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁)ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	ပြည်တွင်း			ပြည်ပ			လူဦးရေ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သားရှိ သော အိမ်ထောင်စုနှင့် လူဦးရေ	၇	၇	၂	၉	၂	-	၂	၉	၂	၁၁
၂	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ	-	၁	-	၁	-	-	-	၁	-	၁
	၆ လ အထိ	-	-	၁	၁	-	-	-	-	၁	၁
	၁၂ လ အထိ	-	၁	-	၁	-	-	-	၁	-	၁
	၁၂ လ အထက်	-	၅	၁	၆	၂	-	၂	၇	၁	၈

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် အလုပ်ဝင်ငွေအတွက် အခြားဒေသများသို့ သွားရောက် လုပ်လုပ်ကိုင်သူများလည်းရှိပါသည်။ကျေးရွာတွင်းလုပ်ကိုင်ရန်အဆင်မပြေသော အိမ်ထောင်စုများမှ ထိုင်းနိုင်ငံအထိသွားရောက် အလုပ်လုပ်ကိုင်ကြပါသည်။

(၂.၃.၂) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၁၁
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင်မိသားစုဝင်ငွေအတွက်အခြားဒေသများသို့ သွားရောက် လုပ်ကိုင်သူရှိကြပါသည်။

(၂.၃.၃) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၄	-	-	၂	၂
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	၁	-	-	-	-
	- ဘဏ်	-	-	-	-	-
	- လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း	၄	-	-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာရှိ ပြန်ပို့ငွေမှီခိုနေရသောအိမ်ထောင်စု (၄)ရှိပြီး ရပ်တည်မှုအလယ်အလတ်တွင်ရှိပါသည်။ အချို့အိမ်ထောင်စုများမှ ပြန်ပို့ငွေကို လူကြုံဖြင့် လွှဲပို့ကြပြီး အချို့အိမ်ထောင်စုများမှာ သွားရောက် လုပ်ကိုင်မှုအတွက် လအနည်းငယ်သာရှိသည့်အတွက် မိသားစုထံသို့ ပြန်ပို့နိုင်ခြင်း မရှိသည်ကိုတွေ့ရပါသည်။

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှ အကွာအဝေး (မိုင်)	ရေငံကြီး(ဖ)မိုင်၊ရွှေဂဲညို(၁၈) မိုင်	မြိတ်(၇၀)မိုင်
သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ	ရေလမ်း	
ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ	စားသောက်ကုန်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများ	ကုန်မာပစ္စည်းများ
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု	အိမ်ဆိုင်	ဈေးတန်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာသည် ကုန်စည်ပစ္စည်းများကိုမြိတ်မြို့တွင်သာ အဓိကထား ဝယ်ယူကြပါသည်။ မြိတ်လေ့များ ကြန့်ကြာသွားပါက ရွှေဂဲညိုနှင့်ရေငံကြီးရွာများတွင် သွားရောက် ဝယ်ယူကြပါသည်။ ကုန်ပစ္စည်းများကို စက်လှေများဖြင့် သယ်ယူပို့ဆောင်ကြပါသည်။ ရေငံကြီးနှင့် ရွှေဂဲညိုကျေးရွာများတွင် စားသောက်ကုန်ပစ္စည်းများရရှိနိုင်ပြီး အခြားကုန်မာပစ္စည်းများကို မြိတ်မြို့များသို့ သွားရောက် ဝယ်ယူကြပါသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်)	-	-	-	-	
ပုဂ္ဂလိကဘဏ်	-	-	-	-	-
ငွေချေးပေးသူ	ချေးငွေ	(၁၅)ရက် တစ်ကြိမ်	(၅)ကျပ်တိုး	-	လုပ်ငန်းလုပ်ကိုင်သူ မျှသာချေးပါသည်။
အပေါင်ဆိုင်	-				-
မိတ်ဆွေနှင့် ဆွေမျိုးများ	ချေးငွေ	မရှိ	(၁၀)တိုး	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာတွင် သီးသန့်ငွေချေးလုပ်ငန်းများ ဝင်ရောက်ထား ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ရွာမှကျားပါးစပ်ထောင်ကယ်များထံမှ ကြိုတင်ငွေထုတ်ယူခြင်း များရှိသည်ကိုတွေ့ရပါသည်။ ထောင်ကယ်များထံမှ နှစ်ချုပ်ဖြင့်ငွေချေးယူလျှင် (၁၀၀)ရာခိုင်နှုန်း အတိုးပေးရ ပါသည်။ ကျေးရွာမှငွေတိုးချေးသူများထံတွင် ငွေချေးယူပါက(၅) ကျပ်တိုးပေးရပြီး လုပ်ငန်းလုပ်ကိုင်သူများ သာ ငွေထုတ်ချေးသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	နိမ့်	မြေဩဇာကောင်းပါသည်။
အပင်မျိုးစိတ်များ	နိမ့်	ကွမ်း၊ရာဘာ၊အုန်းသီးသာစိုက်ပျိုး ကြသည်။
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	နိမ့်	သီးနှံများအထွက်နှုန်းထိခိုက်မှုမရှိ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
ရေအရင်းအမြစ်	နိမ့်	အဝီစိတွင်းမှတစ်နှစ်ပတ်လုံးရရှိ
ငါးမျိုးကွဲများ	မြင့်	တခြားရွာမှကမ်းဝိုင်းပိုက်နှင့်တစ်လက်မ အောက် ပိုက်များဖြင့်ဖမ်းယူခြင်း
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	မျောက်များသာရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် စိုက်ပျိုးမြေမြေဆီဩဇာကောင်းမွန်သည်ကို သိရှိရပြီး အပင်မျိုးစိတ်များမှာ ကွမ်းသီးပင်၊ရာဘာပင်၊အုန်းသီးပင်များကိုသာ စိုက်ပျိုးထားသည် ကိုတွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်မှာ အဝီစိတွင်းမှ တစ်နှစ်ပတ်လုံးရရှိပါ သည်။ တခြားကျေးရွာများမှ ကမ်းဝိုင်းပိုက်များဖြင့် ဖမ်းယူခြင်း၊တစ်လက်မအောက်ပိုက်များဖြင့် ဖမ်းယူခြင်းကြောင့် ငါးမျိုးကွဲများ မျိုးသုန်ပျက်ဆီးသည်ကို သိရှိရပါသည်။ အခြားတိရိစ္ဆာန်မျိုးကွဲများသည် မျောက်များသာကျန်ရှိသည်ကို သိရှိရပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၁၀ နှစ်နှင့်အထက် လူဦးရေ၏ %
စာမတတ်သူဦးရေ	၃၂	၃၉	၇၁	၁၁.၉%
ဘုန်းကြီးကျောင်းသင်ပညာရေး	၁၈	၄	၂၂	၃.၇%
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၁၁၀	၁၄၀	၂၅၀	၄၁.၇%
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၈၉	၉၂	၁၈၁	၃၀.၂5
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၃၆	၂၅	၆၁	၁၀.၂%
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၄	၄	၈	၁.၃%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၃	၃	၆	၁%
၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း	**၂၉၂**	**၃၀၇**	**၅၉၉**	**၁၀၀**

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာတွင် စာမတတ်သူဦးရေ (၁၁.၉%)ခန့်သာရှိပြီး ပညာတတ်မြောက်သူ (၄၂.၇%)အထိရှိပါသည်။ ကျေးရွာတွင် ဘွဲ့ရသူ(၆)ဦးရှိပြီး အထက်တန်း ပညာပြီးဆုံးသူ (၈)ဦးခန့်ရှိပါသည်။ မူလတန်းမပြီးဆုံးသူဦးရေ(၄၁.၇%)သာရှိ၍ အလယ်တန်း အဆင့်ပညာရေးနှင့် အထက်တန်းအဆင့်ပညာရေးတွင် (၁၁.၅%)အထိရှိနေပါသည်။

(၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း (၅-၉ နှစ်)	၆၁	၇၅	၁၃၆	၇၁.၆%
အလယ်တန်း (၁၀-၁၄နှစ်)	၁၄	၁၉	၃၃	၁၇.၄%
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၅	၉	၁၄	၇.၄%
တက္ကသိုလ် ကျောင်းသား၊ သူ	၅	၂	၇	၃.၆%

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် မူလတန်းကျောင်းတက်နှုန်း (၇၁.၆%)ခန့် အထိရှိပြီး အလယ်တန်းနှင့် အထက်တန်းပညာတက်ရောက်သူများမှာ (၂၄.၈%)ခန့် အထိရှိသည် ကိုတွေ့ရပါသည်။ တက္ကသိုလ်ပညာရေးတွင်(၃.၆%)ခန့်အထိရှိပြီး ကျေးရွာတွင်ပညာရေးကိုအဓိက ထားသင်ယူကြသည်ကို လည်း တွေ့ရပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

(၃၂) ဇယား စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
ရွာမှ အကွာအဝေး(မိုင်)	ရွာတွင်းကျောင်း					
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	လမ်းလျှောက်					
စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်)	၅၀x၃၀x၁၂					
အမိုး၊ နံရံ၊ အခင်း အရည်အသွေး	သွပ်မိုး၊အုပ်စီ၊ကွန်ကရစ်ခင်း			(၂၀၀၃)ခုနှစ်ကဆောက်လုပ်ထားပါသည်။		
ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိပါ။/ကျောင်းအိမ်သာကောင်းမွန်ပါသည်။					
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)	(၁)နှစ်ကို(၂)ကြိမ်ခန့်			ကျောင်းရန်ပုံငွေမှကျွေးမွေးပါသည်။		
ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	-	၂	၂	-	-	
ကျေးရွာခန့်	၁	၃	၄	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် မူလတန်းအဆင့် စာသင်ကျောင်းရှိပါသည်။ ကျောင်းဆောင်တစ်ဆောင်သာရှိပြီး ကျောင်းသားဦးရေနှင့်မညီမျှသောကြောင့် ဘုန်းကြီးကျောင်း တွင် သွား၍သင်နေရသည်ကိုတွေ့ရှိရပါသည်။စာသင်ကျောင်းတွင် အစိုးရခန့်ဆရာမ(၂)ဦး၊ကျေးရွာ ခန့်(၂)ဦး၊ ကျေးရွာမှစေတနာဝန်ထမ်း(၂)ဦးရှိပါသည်။ ကျေးရွာခန့်ဆရာမများကို ရွာမှအလှူငွေ ကောက်ခံပြီး ထောက်ပံ့ငွေအဖြစ်တစ်လစာကို လစာတစ်သိန်းနှစ်သောင်း ပေးထားသည်ကိုလေ့လာ သိရှိရပါသည်။ ၎င်းစာသင်ကျောင်းသည် နှစ်ပေါင်း(၁၅)နှစ်ရှိပြီးဖြစ်သောကြောင့် ယိုယွင်းမှုရှိနေပြီး အမိုးပေါက်ခြင်း၊ မျက်နှာကျက်နှင့်အခင်းများ ညံ့နေပါသည်။ ကျောင်းတွင်ပရိဘောဂများလုံလောက် မှုမရှိကြပါ။ ကျောင်းတွင်နှစ်ခန်းတွဲ ယင်လုံအိမ်သာတစ်လုံးရှိသော်လည်း ကောင်းမွန်ခြင်းရှိပါသည်။ အာဟာရ တိုက်ကျွေးမှုမှာ တစ်နှစ်ကိုနှစ်ကြိမ်ခန့် ကျောင်းရန်ပုံငွေမှ အာဟာရတိုက်ကျွေးမှုများရှိ ပါသည်။

(၂.၇.၄)ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	ခက်ခဲပါသည်။
တပည့် - ဆရာ အချိုး	၁၂၀:၂
မူလတန်းပညာ ကျောင်းထွက်နှုန်း	မြင့်/အခြားဒေသများသို့သွားရောက်ခြင်းမရှိ/မိဘများမှထားပေးခြင်း နည်းပါသည်။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ(မသန်စွမ်းမရှိ)
ကျောင်းသုံးစာအုပ်နှင့်စာရေး ကိရိယာ	-
ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု	-
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	မရှိ။
မိဘဆရာအသင်း၏အခန်းက ဏ္ဍ/အကျိုးဆောင်အဖွဲ့	ကျောင်း၏လိုအပ်ချက်များဆောင်ရွက်ပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စူ၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် အစိုးရခန့်(၃)ဦးရှိသော်လည်း ဆရာ(၁)ဦး မှအလုပ်ထွက်သွားကြောင်း သိရှိရပါသည်။ယခုလက်ရှိတွင် ဆရာမနေအိမ်များ ဆောက်လုပ်နေသည် ကိုတွေ့ရှိပါသည်။ အခြားကျေးရွာမှ ပြောင်းရွှေ့လာသော ကျောင်းသားများသည် ကျောင်းပြောင်း လက်မှတ် များ မပါသည့်အတွက် လက်ရှိအတန်းတွင်သာ ပြန်လည်တက်ရောက်ရသည်ကို သိရှိရပါသည်။ ကျေးရွာတွင်

ပညာရေးအတွက် မိဘများမှစိတ်ဝင် စားမှုအားနည်းသည်ကို တွေ့ရှိရပါသည်။ ဆင်းရဲနွမ်းပါးသောသူများအတွက် ကျောင်းစရိတ်များကို ကျေးရွာမှထောက်ပံ့ပေးမှုရှိပါသည်။ ရှေးနှစ်မှစ၍ အုပ်စုအဆင့်မှ ဗလာစာအုပ်များချပေးခြင်းမရှိ သည်ကို တွေ့ရပြီး ပုံနှိပ်စာအုပ်များ လုံလောက်မှုမရှိသည်ကို သိရှိရပါသည်။ နှစ်စတွင်ကျောင်းတတ် နှုန်းမြင့်သော်လည်း နှစ်ကုန်ခါးနီးတွင် ကျောင်းသားဦးရေတစ်ဝက်ခန့် သာကျန်ရှိပါသည်။ ကျောင်းတွင် အားကစားကွင်းများမရှိပါ။ ဆရာ/မများနှင့်မိဘများက ကျောင်းလိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်မှုရှိပါသည်။

(၂.၈) ကျန်းမာရေးနှင့် အာဟာရ

(၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက		✓		ရာသီဥတုကြောင့်ဖြစ်တတ်ပါသည်။
၂	သွေးလွန်တုပ်ကွေး		✓		မိုးရာသီတွင် ဖြစ်တတ်ပါသည်။
၃	ငှက်ဖျား		✓		PSIငှက်ဖျားတိုက်ဖျက်ရေးမှလာရောက်ကုသပေးပါသည်။
၄	အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ		✓		ပန်းနာရင်ကြပ်သာရှိ/ဆေးလိပ်သောက်များ
၅	HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ			✓	
၆	တီဘီ		✓		ကူးစက်မှုမရှိပါ။
၇	ဆီးချို		✓		
၈	သွေးတိုး		✓		
၉	အသည်းရောဂါ (ဘီ၊ စီ)			✓	
၁၀	အာဟာရချို့တဲ့မှု		✓		ဆင်းရဲသောမိသားစုများ၌ အသီးအရွက်များမစားရ။
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ				

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊သွေးလွန်တုတ်ကွေးရောဂါများရှိသော်လည်း ရာသီဥတုအပြောင်းအလဲကြောင့်သာ ဖြစ်ပွားမှုရှိသောကြောင့် စိုးရိမ်မှု မရှိသည်ကို တွေ့ရပါသည်။ ငှက်ဖျားရောဂါများဖြစ်ပွားမှုရှိသော်လည်း PSIငှက်ဖျားတိုက်ဖျက်ရေးမှ နှစ်စဉ်လာရောက်သွေးစစ်ပေးခြင်း၊ခြင်ထောင်များပေးဝေခြင်းများကြောင့်ဖြစ်ပွားမှုနည်းပါးသည်ကိုတွေ့ရပါသည်။ အသက်ရှူလမ်းကြောင်းရောဂါနှင့်ပါက်သက်၍ ဆေးလိပ်သောက်သူများသောကြောင့် ပန်းနာရင်ကြပ်ရောဂါများ

ဖြစ်ပွားမှုများရှိပါသည်။ ဆေးလိပ်သောက်သုံးမှုများခြင်းကြောင့် တီဘီရောဂါ ဖြစ်ပွားမှုများလည်းရှိပါသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ	✓		တစ်လတစ်ကြိမ်လာထိုးပေးသည်။
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓		
၃	ပိုလီယိုရောဂါ	✓		
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓		တစ်လတစ်ကြိမ်လာထိုးပေးသည်။
၅	ဝက်သက်ရောဂါ	✓		
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	✓		တစ်လတစ်ကြိမ်လာထိုးပေးသည်။
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		✓	
၈	အာဟာရပညာပေး အစီအစဉ်	✓		တစ်လတစ်ကြိမ်ဟောပြောပွဲရှိပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် ရေငံကြီးမှသားဖွားဆရာမများ တစ်လတစ်ကြိမ် လာရောက် ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ ကိုယ်ဝန်ဆောင်ကာလအတွင်း ကိုယ်ဝန်ဆောင် မေးခိုင် ကာကွယ်ဆေး များထိုးပေးခြင်း၊ကလေးသူငယ်များအတွက် ကာကွယ်ဆေး တိုက်ကျွေးခြင်း စသည့်တို့ လုပ်ဆောင်ပေးလေ့ရှိပါသည်။ အာဟာရပညာပေးအစီအစဉ်များ တစ်လတစ်ကြိမ် လာရောက် ဟောပြောပွဲများ ရှိသည်ကို တွေ့ရပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှု ရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ် ချက်
ကျေးလက် ကျန်းမာရေး ဌာနခွဲ	ရေငံကြီး ရေမိုင် (၆)မိုင်				
မြို့နယ် ဆေးရုံ					
ဆေးဆိုင်	-	စျေးဆိုင်များ တွင်ရောင်းချ	ဆေးဝါးကျွမ်းကျင်သူ မဟုတ်	အသင့်အတင့်	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျန်းမာရေးအတွက် တခုခုဖြစ်ပွားပါက (၆)မိုင်ဝေးသော ရေငံကြီးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်ဘုတ်ပြင်းမြို့၊မြိတ်မြို့များသို့အဓိကထား ၍သွားရောက်ပြသပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် တစ်လတစ်ကြိမ် ကွင်းဆင်းလုပ်ဆောင်ပါသည်။အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာတွင်းရှိ စျေးဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးဆေးဝါးများကို ဘုတ်ပြင်း၊မြိတ်မြို့ပေါ်ရှိ ဆေးဆိုင်များတွင် ရနိုင်ပါသည်။ ထိုအပြင် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို လည်းပြုလုပ်ပေးခြင်းဖြင့် ကျေးရွာများ၏ ကျန်းမာရေးအသိများ တိုးတက်လာနိုင်ပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၃	အကောင်း	√	√	√	-
အဝိစိတွင်း/စက်တပ်	၂	အကောင်း	√	√	√	-
အဝိစိတွင်း/တုံကင်	-	-	-	-	-	-
မိုးရေသိုလှောင်ကန်	-	-	-	-	-	-
မြစ်/ချောင်း	-	-	-	-	-	-
ရေကန်	-	-	-	-	-	-
စိမ့်စမ်းရေသွယ်တန်းခြင်း	-	-	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမ္မပုံ။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် အဝိစိတွင်း(၃)တွင်းရှိပြီး ကျေးရွာရှိ အိမ်ထောင်စုများအား ရေသွယ်တန်းပေးထားသည်ကို တွေ့ရပါသည်။ ရေတစ်ပိဿဲလျှင် (၅၀၀)မှ(၈၀၀)ထိ ရေဝယ်ယူရသည်ကို တွေ့ရှိရပါသည်။

(၂.၉.၂)သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ရေလောင်း/ယင်လုံအိမ်သာ	၂	-
ကျင်းအိမ်သာ	-	-
မြေ/ရေပေါ်အိမ်သာ	၁၃၃/၅	ပင်လယ်ရွာဖြစ်သောကြောင့်ရေပေါ်အိမ်သာကိုသာသုံးစွဲကြသည်။

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
တောထိုင်	၃၁	-
စုစုပေါင်း		-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် အလေ့အထဖြစ်ပြီး ပင်လယ်ရွာဖြစ်သောကြောင့် ရေပေါ်အိမ်သာအမျိုးအစားကိုသာ သုံးစွဲကြပါသည်။ ကုန်းပေါ်ပိုင်းတွင်နေထိုင်သောအိမ်ထောင်စု များသည် တောထိုင်ဖြင့် အသုံးပြုကြသည်ကိုသိရှိရပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ အိမ်သာများ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေးအသိပညာဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု		√	ဓလေ့ ထုံးစံအရ ဖြစ်နေပါသည်။
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	√		(၅၀%)ခန့်ပါဝင်ဆောင်ရွက်မှုရှိပါသည်။
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ		√	မရှိ။
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု		√	အသိပညာဟောပြောပွဲများပြုလုပ်ပေး ရန်လိုအပ်ပါသည်။
၅	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် ကျေးရွာ၏အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် ဓလေ့ထုံးစံအရ အမျိုးသမီးများ ပါဝင်မှုမရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ(၅၀) ရာခိုင်နှုန်း တတ်တတ်ကြွကြွပါဝင်မှုရှိပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှုများ အားနည်းနေသဖြင့် ဟောပြောပွဲများပုံမှန် ပြုလုပ်ပေးစေလိုပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃/၄)	ကောင်း သင့်/မသင့်	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည်
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်းမ	၁	မြဲ	ရွာစတည်မှရှိ	√	-	(၄)မိုင်ခန့်
ချဉ်းကပ်လမ်း						
ရွာချင်းဆက်လမ်း						

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာတွင် ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် ရေကြီးရေတက်ချိန်တွင် သွားလာရခက်ခဲနေသည်ကိုတွေ့ရပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/သင့်/မသင့်	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	-	-	-	-	-
သစ်သားတံတား	-	-	-	-	-
ကွန်ကရစ်တံတား	-	-	-	-	-
ကြိုးတံတား	-	-	-	-	-
ရေပြွန်	-	-	-	-	-
	-	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် ဆိပ်ခံတံတားများ ပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ယခုအချိန်တွင် အတက်အဆင်းများပြုလုပ်ရန် အခက်အခဲဖြစ်နေသည်ကိုတွေ့ရပါသည်။

(၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-	-	-	-
ပင်လယ်ရေကြောင်း	-	စက်လှေ	-	√
အခြား	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။ ၁ – လှေ၊ သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် ပို့ဆောင်ရေးအတွက် ပင်လယ်ရေကြောင်း တစ်ခုသာ အသုံးပြုကြပါသည်။ စက်လှေ၊ မော်တော်များဖြင့်သွားလာကြပြီး ရေတက်ချိန်တွင်သာ သွားလာ နိုင်ပါသည်။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	စက် လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော် ဆိုင်ကယ်	ဘေးတွဲ ဆိုင်ကယ်	ကား	မြင်း လှည်း	နွား လှည်း
အရေအတွက်	၄၉	၆၆	၂	၄				

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် ပို့ဆောင်ရေးအတွက် ပင်လယ်ရွာဖြစ်သောကြောင့် စက်လှေ၊ မော်တော် များကိုသာ အသုံးပြုကြပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	-	-	-
ဆိုလာစနစ်	၁		
အသေးစားရေအားလျှပ်စစ်			
ဒီဇယ်သုံးအင်ဂျင်	၃၂		
လေစွမ်းအင်	-		
ဇီဝလောင်စာ	-		
ဖယောင်းတိုင်	၄၅		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာ ကျားပါးစပ်ထောင်ကယ်များမှ ဒီဇယ်အင်ဂျင်အသုံး ပြု၍ မိမိ၏အလုပ်သမားများအား မီးပေးထားခြင်းကို တွေ့ရှိရပါသည်။ လျှပ်စစ်မီးကို ညနေ(၆) နာရီမှ(၁၀) နာရီထိမီးပေးပြီးကျန်သောအချိန်များတွင် ဖယောင်းတိုင်များကိုသာအသုံးပြုကြပါသည်။ တချို့အိမ်ထောင်စုများသည် ကိုယ်ပိုင်မီးစက်များအသုံးပြုကြပြီး ငွေကြေးမတက်နိုင်သောအိမ်ထောင်စုများသည် ဖယောင်းတိုင်များကိုသာ အသုံးပြုကြပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အောက်စက်
အရေအတွက်	၁၁၇	၅	၅၈	၃၀	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် အိမ်တိုင်းလိုလိုဖုန်းသုံးစွဲမှုရှိပြီး WCDMAနှင့် GSMဖုန်းလိုင်းများသာအသုံးပြုကြပါသည်။ပင်လယ်ဒေသဖြစ်ပြီးရေဒီယိုသုံးစွဲမှုအားနည်းကြပါ သည်။

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိပါ။
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	ပါဝင်မှုအားနည်းပါသည်။
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	ပါဝင်မှုရှိသော်လည်းနည်းပါးပါသည်။
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	လက်လှမ်းမီမှုရှိသော်လည်းသုံးစွဲခြင်းမရှိပါ။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	လူငယ်ပါဝင်မှုအားနည်းကြသည်။
ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး	မရှိ။
စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု	လက်လှမ်းမီမှုရှိပါသည်။

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင်အပန်းဖြေနိုင်မည့်နေရာများနှင့် လက်လှမ်းမီမှုမှာဝေးကွာလှပါသည်။ ကျေးရွာရှိလူငယ်များသည် လူမှုရေးလုပ်ငန်းနှင့်ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းပါသည်။ အားကစားပစ္စည်းများရှိသော်လည်း သုံးစွဲခြင်း မရှိကြပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင်စာကြည့်တိုက်ရှိသည် ကိုတွေ့ရပြီး အင်တာနက်များလည်း လက်လှမ်းမီမှုရှိသည်ကိုတွေ့ရပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးလက်လှမ်းမီမှုမရှိပါ။ ဖုန်းလိုင်းဆက်သွယ်ရေးကောင်းမွန်ပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်	စီစဉ်ထားခြင်းမရှိပါ။
ရဲစခန်းများအား လက်လှမ်းမီမှု	ဘုတ်ပြင်းသို့သွားရောက်ကြသည်။

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ဝက်ကျွန်းကျေးရွာတွင် ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးလက်လှမ်းမီမှုမရှိသော်လည်း GSMဖုန်းနှင့်ကမ်းရိုးတန်းဖုန်းလိုင်းများသာကောင်းမွန်ပါသည်။ အာမခံလုပ်ငန်းများနှင့်လူထု အခြေပြု သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များ လာရောက်ဆောင်ရွက်ပေးခြင်းများ လည်းမရှိပါ။ ဘုတ်ပြင်းရဲစခန်းသို့ သွားရောက်ကြသည်ကို သိရပါသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်/မရှိ	မရှိ	မရှိ	များ	မရှိ

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်ကျွန်းကျေးရွာတွင် လူငယ်များမူးယစ်ဆေးဝါး သုံးစွဲမှုများနေပါသည်။ သက်ဆိုင်ရာဌာနများမှ မူးယစ်ဆေးဝါးနှင့်ပက်သက်သော အသိပညာဟော ပြောပွဲများပြုလုပ်ပေးရန် အထူးလိုအပ်နေသည်ကိုတွေ့ရပါသည်

၅။ နောက်ဆက်တွဲများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ

ကျေးရွာ - ဝက်ကျွန်းကျေးရွာ **အုပ်စု - ရေငံကြီး**

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဖစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
၁။ ကဏ္ဍ - ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု						
	• လက်ရှိကျေးရွာ အဖွဲ့အစည်းများ စွမ်းဆောင်ရည် အားနည်းခြင်း • လူမှုရေး၊ ဘာသာရေးဆိုင်ရာ အဖွဲ့သာရှိပြီး စီးပွားရေး၊ ဘက်စုံဖွံ့ဖြိုးရေး စီမံခန့်ခွဲသည့် အဖွဲ့များ မရှိခြင်း • အမျိုးသမီးဦးဆောင်မှုမရှိခြင်း။	• ကျေးရွာတွင်းစွမ်းဆောင်ရည်မြင့်အစီအစဉ်မရှိခြင်း။ • စီမံကိန်းရေးဆွဲ၍ ကျေးရွာဖွံ့ဖြိုးရေးအကောင်အထည်ဖော်သည့် စနစ်မရှိသေးခြင်း၊ • အမျိုးသမီးဦးဆောင်မှုမရှိ။	• ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်းရှိခြင်း။	• မူးယစ်ဆေးဝါးနှင့် သဘာဝဘေးအန္တရာယ်ရှိခြင်း။	• ကျေးရွာအသက်မွေးဝမ်းကျောင်းစီမံကိန်းများအကောင်ထည်ဖော်ရန်လိုအပ်သောအဖွဲ့များဖွဲ့စည်းခြင်း။ • ကျေးရွာစွမ်းဆောင်ရည်မြှင့်သင်တန်းများပေးခြင်း။	• ၁။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များစွမ်းရည်မြှင့်တင်ခြင်း။
၂။ ကဏ္ဍ - ငါးလုပ်ငန်း						
	• ငါးပုဇွန်၊ ဈေးနှုန်းများ ရရှိမှု လျော့နည်းခြင်း • ဆင်းရဲသူများ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီး မလုံလောက်ခြင်း • ငါးလုပ်ငန်းဆိုင်ရာ	• ဆင်းရဲသောမိသားစုများ အတွက်သင့်တော်မည့် ချေးငွေ ဝန်ဆောင်မှုစနစ်များ မဖွံ့ဖြိုးခြင်း • ဈေးကွက်ဝယ်လိုအားနည်းခြင်း။	• ငါး/ ပုဇွန်များကို ဈေးကွက်ကောင်းကောင်းနှင့် ချိတ်နိုင်ရန်လိုအပ်။	• ပုဇွန်ထုတ်လုပ်မှုများသော်လည်း ဈေးကွက်တွင်းဝယ်လိုအားနည်းပါးခြင်းနှင့် ဈေးကောင်းမရရှိခြင်း။	– အတိုးနှုန်းနည်းနည်းဖြင့် ချေးငွေရရှိရန် နှင့် စီပွားရေးသမားများနှင့်ဈေးကွက်ချိတ်ဆက်ပေးရန်။ – ငါးလုပ်ငန်းဥပဒေများဟောပြောပွဲများကျင်းပခြင်း။	၂။ ဆင်းရဲအဆင့် အိမ်ထောင်စုများ ကိုယ်ပိုင်ငါးဖမ်းလုပ်ငန်း ထူထောင်နိုင်ရန် ရင်းနှီးငွေ ရရှိအောင် ဆောင်ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ အားနည်းခြင်း					
၃။ ကဏ္ဍ - သီးနှံထုတ်လုပ်ရေး						
	• သီးနှံစိုက်ပျိုးသူ နည်းပါးခြင်း၊	• ပင်လယ်ရွာဖြစ်သောကြောင့် ရေလုပ်ငန်းကိုအဓိကအား ထားခြင်း။ • မြေယာပိုင်ဆိုင်သူနည်းခြင်း။	• နှစ်ရှည်သီးနှံများစိုက်ပျိုးသူမရှိခြင်း။	• ဈေးကွက်နှင့် အလှမ်းဝေးခြင်း • လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိခြင်း။	• ဈေးကွက်နှင့် ချိတ်ဆက်ပေးရန်လိုအပ်လျက်ရှိသည်။	၃။ ဈေးကွက်နှင့် ချိတ်ဆက်နိုင်မည့် အဖွဲ့များချိတ်ဆက်ပေးရန်
၄။ ကဏ္ဍ - မွေးမြူရေး						
	• ပင်လယ်ကျွန်းရွာဖြစ်သောကြောင့် မွေးမြူရေးကို လုပ်ကိုင်ခြင်းမရှိပေ။	• မွေးမြူရန်မြေနေရာမရှိခြင်း။ • ရေလုပ်ငန်းလုပ်ကိုင်သောကြောင့်မွေးမြူရေးကို စိတ်ဝင်စားမှုအားနည်းခြင်း။ • ကြက်ကိုတစ်နိုင်တစ်ပိုင်မွေးမြူသော်လည်း ကြက်နာရောဂါများဖြစ်ခြင်း။	• တစ်နိုင်တစ်ပိုင်ကြက်မွေးမြူခြင်းလုပ်ငန်းကို လုပ် ကိုင်နိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း	• တိရစ္ဆာန်ရောဂါကာကွယ်ကုသရေး နည်းပညာဝန်ဆောင်မှုများ ရရှိရန် မလွယ်ကူခြင်း	• မွေးမြူရေးလုပ်ငန်း စီမံခန့်ခွဲမှုနှင့် နည်းပညာများရရှိရန် မွေးကွဲစီးဌာနသို့ တင်ပြတောင်းခံခြင်း၊ • အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန် စီစဉ်ခြင်း၊	၄။ တစ်နိုင်တစ်ပိုင် မွေးမြူ ရေး လုပ်ငန်းများ လုပ် ကိုင် နိုင်အောင် ဆောင် ရွက်ခြင်း
၅။ ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ						
	• အမျိုးသမီးများ ဝင်ငွေရလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်း • အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှု အားနည်းခြင်း • ငွေကြေးအရင်းအနှီး မရှိခြင်း။	• ရေသယ်ဓာတမျိုးစိတ်များ လျော့နည်းလာခြင်း(ဥပမာ– ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်။ • ရေလုပ်ငန်းကိုသာ အဓိကအားထားခြင်း၊	• ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် အမျိုးသမီးများအချိန်ပေးနိုင်ခြင်း၊ • ရေလုပ်ငန်းထွက်ကုန်ကြမ်းများရရှိခြင်း။	• ငွေကြေးအရင်းအနှီးမလုံလောက်ခြင်း။	• အမျိုးသမီးများအတွက်ဝင်ငွေရလုပ်ငန်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း/ချေးငွေများထုတ်ချေးပေးခြင်း	၇။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်း (စက်ချုပ်၊ စက်ပြင်)

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
၆။ ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း						
	• သင့်တင့်သော ချေးငွေ ရရှိရန် ခက်ခဲခြင်း	• တစ်ဦးနှင့် တစ်ဦး ယုံကြည်မှု အားနည်းခြင်း၊ • အတိုးနှုန်း မြင့်မားခြင်း	• လုပ်သားအင်အားပေါများခြင်း။	• ငွေကြေးဘဏ်နှင့် လက်လှမ်းမှီမှုအားနည်း	• အတိုးနှုန်းသက်သာသောအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပေးရန်လိုအပ်။	၈။ အာမခံချက်ရှိသော ငွေကြေးအဖွဲ့စည်းများနှင့် ချိတ်ဆက်ပေးရန်။
၇။ ကဏ္ဍ - ပညာရေး						
	• မူလတန်းကျောင်း ထွက်နှုန်း မြင့်မားခြင်း • အခြားနေရာများသို့ ကျောင်းတက်ရန်သွားရောက်နိုင်ခြင်းမရှိ။	• စားဝတ်နေရေး မပြေလည်မှုများခြင်း၊ • မိသားစုလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ကြခြင်း • ပညာရေးစိတ်ဝင်စားမှုအားနည်းခြင်း။	• မိဘများမှသား/သမီးများ ကျောင်းနေအောင်တိုက်တွန်းခြင်း။	• ပညာရေးဌာနမှ ပညာရေးဝန်ထမ်းလုံလောက်စွာမချထားပေးနိုင်ခြင်း။	• ပညာရေးဝန်ထမ်းများ ရရှိရန် ပညာရေးဌာနနှင့် ချိတ်ဆက်ရန်လိုအပ်။ • အဆင်မပြေသော ကျောင်းသားများအား ပညာရေး အတွက် ထောက်ပံ့ပေးနေသော အဖွဲ့များနှင့် ချိတ်ဆက်ခြင်း၊	၉။ စာသင်ကျောင်း အခြေခံ အဆောက်အဦများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ၁၀။ ပညာတတ်မြောက်မှု တိုးတက်အောင် ဆောင်ရွက်ခြင်း ၁၁။ ပညာရေးဝန်ထမ်းများ ရရှိရန်လိုအပ်ခြင်း။
၈။ ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး						
	• အိမ်သာ စနစ်တကျ အသုံးပြုမှု အားနည်းခြင်း • ကျေးရွာတွင်း ဆေးပေးခန်းမရှိခြင်း	• အခြေခံကျန်းမာရေးဆိုင်ရာများအား အလေးထားမှုအားနည်းခြင်း • ကျန်းမာရေးတစ်ခုခုဖြစ်ပွားပါကဆေးပေးခန်းမရှိခြင်း။	• အများပိုင်ကျန်းမာသန့်ရှင်းရေးအဆောက်အဦးများဆောက်လုပ်ရန်လိုအပ်သည်။ • ကျေးရွာတွင်းကျန်းမာရေးလုပ်သားတစ်ဦးရှိခြင်း။	• ရေတက်ရေကျရှိသောကြောင့် ယင်လုံအိမ်သာ ဆောက် လုပ်ရန်အခက်အခဲရှိလျက်ဖြစ်သည်။ •	• အခြေခံကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပုံမှန် ပြုလုပ်ခြင်း၊ • ရွာသားများ ကိုယ်တိုင် လေ့လာ သင်ယူလိုစိတ်ရှိအောင် စွမ်းဆောင်ရည် မြင့်တင်မှု ပြုလုပ်ခြင်း၊	၁၁။ သောက်သုံးရေရရှိမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုတိုးတက်အောင်ဆောင်ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
၉။ ကဏ္ဍ - လမ်း၊ တံတား၊ အခြေခံ အဆောက်အဦ						
	• ရွာတွင်းလမ်းများ ကောင်းမွန်မှု မရှိခြင်း	• ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်း၊ • ရေကြီးလွှမ်းမိုးမှုများ ရှိခြင်း၊ • မိုးရာသီတွင် မြေပြိုမှုများဖြစ်ပေါ်ခြင်းဖ • သစ်သားတံတားလမ်းများ သာ ဖြစ်နေခြင်း၊	• ကျေးရွာတွင်းလမ်းများကို ရွာသူ/သားများပူးပေါင်း လုပ်ဆောင်ခြင်း။	• အချို့သောနေရာများတွင် ကျေးရွာတွင်းငွေအင်အား နှင့်မလုပ်ဆောင်နိုင်သော ကြောင့် အခက်အခဲများရှိသည်။	• လမ်းပြုပြင်ထိန်းသိမ်းရေး အဖွဲ့ဖွဲ့စည်း၍နည်းပညာများ ရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ • သစ်သားတံတားများအား ကွန်ကရစ်တိုင်၊ သစ်သား အခင်းဖြင့် အဆင့်မြင့်တင်ခြင်း၊ • ရွာလယ်လမ်းမအား ၂ ပေ မြင့်တင်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း၊ • ရွာလယ်လမ်းမတွင် ရေလွှဲပြန် တပ်ဆင်ခြင်း။	၁၂။ ရွာတွင်းလမ်းများ ကောင်းမွန်အောင်ဆောင် ရွက်ခြင်း
၁၀။ ကဏ္ဍ - ကျေးရွာမီးလင်းရေး						
	•	•	•	•	•	
၁၁။ ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု						
	• လူငယ်ဖွံ့ဖြိုးရေးအစီ အစဉ်များမရှိသေး ခြင်း	• လူငယ်ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲဆောင်ရွက်သည့် ဗဟု သုတနှင့်အလေ့အထမရှိခြင်း၊	• လူငယ်များ ပေါများခြင်း	• ဖွံ့ဖြိုးရေးသင်တန်း၊ အသိပညာပေးများ မရှိခြင်း။	• လူငယ် ဖွံ့ဖြိုးရေးလုပ်ငန်း များ လေ့လာဆောင်ရွက် နိုင်ရန် မြို့နယ်အဆင့် အဖွဲ့ အစည်းများထံ လေ့လာခြင်း	၁၄။ လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက် ခြင်း
၁၂။ ကဏ္ဍ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး						

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	• ငါးမျိုးများပြုန်းတီးလာခြင်း။ • ဒီရေတောများပြုန်းတီးလာခြင်း။ • ရေကြီးနိုင်သည့်အန္တရာယ်နှင့် မြေပြိုနိုင်ခြင်း ။ • အမှိုက်စွန့်ပစ်မှုစနစ်မကျခြင်း။ •	• စားကျက်မြေ၊ မျိုးပွားရန်နေရာ လျော့နည်းလာသဖြင့် ငါးမျိုးစိပ်များရှားပါးလာခြင်း • ငါးပုဇွန်များအခြောက်ပြုလုပ်ရန် ဒီရေတောများ အလွန်အကျွံခုတ် ထွင်းခြင်း။ • ဒီရေတောပြုန်းတီးမှုကြောင့် ငါးမျိုးစိတ်ရှားပါးလာခြင်း။ • ငါးဥပဒေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်မရှိခြင်း။	• ငါးမျိုးစိတ်များမပြုန်းတီးအောင်ထိန်းသိမ်းခြင်းများ လုပ်ဆောင်ခြင်း။ • ဒီရေတောများပြန်လည်ပျိုးခြင်း။ • ငါးဖမ်းဥပဒေများသတ်မှတ်ခြင်း။	• ငါးဖမ်းနည်းများအားစနစ်တကျလုပ်ဆောင်နိုင်ခြင်းမရှိခြင်း။	အောက်ပါလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း • ဒီရေတော စိုက်ခင်းများ ပြန်လည်ထူထောင်ခြင်း • ဒီရေတောထိန်းသိမ်းရေးဆိုင်ရာ ဒေသစည်းမျဉ်း ဥပဒေများ ရေးဆွဲသတ်မှတ်ခြင်း • ဒီရေတောထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ • အမှိုက်များ စွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊ စည်းကမ်းများ သတ်မှတ်လုပ်ဆောင်ခြင်း။	၁၅။ ဒီရေတောနှင့် ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း

အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၏

အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ - ဝက်ကျွန်း အုပ်စု - ရေငံကြီး ရက်စွဲ - ၂၆၊၇၊၂၀၁၇

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	စာသင်ကျောင်း
၂	ဆိပ်ခံတံတား
၃	အဝိစိတွင်း
၄	ကျန်းမာရေးအခြေခံအဆောက်အဦ

အသက်မွေးဝမ်းကျောင်းဆိုင်ရာဦးစားပေးလုပ်ငန်းများ

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ဘဲမွေးမြူရေး
၂	ကြက်မွေးမြူရေး
၃	ဈေးဆိုင်ဖွင့်ခြင်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏

အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ- ဝက်ကျွန်း အုပ်စု -ရေငံကြီး ရက်စွဲ- ၃၁.၃.၂၀၂၄

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	မြေထိန်းနံရံတည်ဆောက်ခြင်း အပိုင်း(၁)
၂	မြေထိန်းနံရံတည်ဆောက်ခြင်း အပိုင်း(၂)
၃	ဆိပ်ခံတံတားတည်ဆောက်ခြင်း
၄	တွင်းတိမ်(၁)တွင်းနှင့်ဂါလံ(၅၀၀၀)ဆံ့ရေစုကန်၊ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်ခြင်း
၅	ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း

အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့်ငွေကြေးဦးစားပေးလုပ်ငန်းများ

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	အခြေခံအပ်ချုပ်စက်သင်တန်း
၂	မြစိမ်းရောင်ကျေးရွာစီမံကိန်း